Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



# Network for Democracy and Development
## Documentation and Research Department

P.O Box 179, Mae Sod, Tak, 63110, Thailand. Phone: +66 85-733 4303.
E-mail: ndddrd07@csloxinfo.com; ndddrd07@gmail.com

# Weekly Political Events Regarding the SPDC's Election (013/2010)
# နအဖရွေးကောက်ပွဲနှင့် စပ်လျဉ်းသည့်တစ်ပတ်အတွင်း နိုင်ငံရေးအဖြစ်အပျက်များ (၀၁၃/၂၀၁၀)

၂၀၁၀ ခုနှစ်၊ ဧပြီလ (၁၈) ရက်နေ့မှ ဧပြီလ (၂၄) ရက်နေ့အထိ

နအဖနှင့် ၎င်းလက်ကိုင်တုတ်အဖွဲ့အစည်းများ

- ၂၀၁၀ ရွေးကောက်ပွဲကို မည်သည့်နေ့ရက်တွင် ကျင်းပမည်ဟု မကြေညာသေးသည့် စစ်အစိုးရက ရွေးကောက်ပွဲကော်မရှင်တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံမတင်ရသေးသည့် ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း **(USDA)** က ကျယ်ကျယ်ပြန့်ပြန့် မဲဆွယ်စည်းရုံးမှုများ ပြုလုပ်နေသည်။ **(NEJ 200410)** Read More...
- ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်တွင် ယခုလ ၁၉ ရက်နေ့က ကျင်းပသည့် ဘာသာရေးပွဲတစ်ခု၌ မြို့နယ်ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက လူထုအား ၂၀၁၀ ရွေးကောက်ပွဲအတွက် စည်းရုံးသည့်အနေဖြင့် ကြံ့ဖွံ့တံဆိပ်ပါ တီရှပ်အကျီများ ဝေငှခဲ့ခြင်းကြောင့် ကျောင်းထိုင်ဆရာတော်နှင့် အခြေအတင်စကားများခဲ့ကြကြောင်း ဒေသခံတစ်ဦးကပြောသည်။ **(DVB 210410)** Read More...
- ရွေးကောက်ပွဲအတွက် ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များတွင် အာဏာပိုင်များ၏ ညွှန်ကြားမှုဖြင့် ရပ်ကွက်အိမ်ထောင်စုအလိုက် လူဦးရေစာရင်းများကို ဒုတိယအကြိမ်မြောက် ကောက်ယူနေကြောင်း ကြံ့ဖွံ့တာဝန်ရှိသူတစ်ဦးက ပြောသည်။ **(Irrawaddy 210410)** Read More...
- ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးက ရွေးကောက်ပွဲတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကို မဲပေးကြရန် အစ္စလာမ် ဘာသာရေးခေါင်းဆောင်များကို တိုက်တွန်းလိုက်သည်။ **(Mizzima 210410)** Read More...
- ယနေ့ထုတ် စစ်အစိုးရသတင်းစာ ဆောင်းပါးတစ်ပုဒ်တွင် ရန်ကုန်သင်္ကြန်ဗုံးပေါက်ကွဲမှုနှင့် ပတ်သက်၍ နိုင်ငံရေးပါတီကြီးတစ်ခုနှင့် အဖွဲ့အစည်းအချို့က ရေငုံနှုတ်ပိတ်နေကြကြောင်း ဝေဖန်ရေးသားထားသည်။ **(RFA 210410)** Read More...
- ကချင်ပြည်နယ် မိုးညှင်း၊ မိုးကောင်း၊ မြစ်ကြီးနား ရထားလမ်းတစ်လျှောက်တွင် စစ်အစိုးရတပ်များမှ ယခုရက်ပိုင်းအတွင်း လုံခြုံရေးများ တိုးမြှင့်ချထားသကဲ့သို့ စစ်တပ်ထဲက မိသားစုဝင်များကို စစ်သင်တန်းပေးနေသည်။ **(RFA 220410)** Read More...

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



## အတိုက်အခံအဖွဲ့အစည်းများ

### (က) ပြည်တွင်းအင်အားစုများ

- ယနေ့အထိ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်တွင် မှတ်ပုံတင်သော ပါတီ ၁၉ ခုရှိပြီဖြစ်သော်လည်း ၁၉၉၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် အများဆုံးအနိုင်ရခဲ့သည့် ပါတီအများစုက ရွေးကောက်ပွဲဝင်ရန် မှတ်ပုံမတင်ကြဟုဆိုသည်။ **(Irrawaddy 190410)** **Read More...**
- စစ်အစိုးရ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မှတ်ပုံမတင်ရေးကို ဆုံးဖြတ်လိုက်ပြီးနောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** အနေဖြင့် နိုင်ငံရေးပါတီအဖြစ် ဆက်လက်ရပ်တည်ခွင့်မရတော့ပါက လူထုအကျိုးပြုလုပ်ငန်းများ ပိုမိုလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပါတီခေါင်းဆောင်များကပြောသည်။ **(VOA 190410)** **Read More...**
- ပဲခူးတိုင်း၊ ပဲခူးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် နအဖထုတ်ပြန်ခဲ့သည့် တရားမျှတမှုမရှိသော ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအကြောင်းကို မြို့နယ်အဖွဲ့ချုပ်ရုံးတွင် အဖွဲ့ချုပ်လူငယ်အဖွဲ့ဝင်များအား အပတ်စဉ် တနင်္ဂနွေနေ့တိုင်း သင်တန်းပို့ချပေးနေကြောင်း ပဲခူးမြို့နယ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမြတ်လှကပြောသည်။ **(DVB 200410)** **Read More...**
- မြန်မာစစ်အစိုးရ၏ ၂၀၁၀ ရွေးကောက်ပွဲကို ဆန့်ကျင်ရန်အပါအဝင် ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံအကျဉ်းသားများလွှတ်ပေးရေးလှုံ့ဆော်စာများကို ရန်ကုန်၊ မော်လမြိုင်နှင့် ပဲခူးစသည့်မြို့ကြီးများတွင် နိုင်ငံရေးတက်ကြွလှုပ်ရှားသူများက လိုက်လံဖြန့်ဝေနေသည်။ **(VOA 210410)** **Read More...**
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** အနေဖြင့် ၂၀၁၀ ရွေးကောက်ပွဲ ဥပဒေအရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံမတင်သော်လည်း ပါတီရုံးကို ပိတ်မည်မဟုတ်သကဲ့သို့ ပါတီအလံနှင့်ဆိုင်းဘုတ်ကိုလည်း မိမိဘာသာ ဖျက်သိမ်းမည်မဟုတ်ကြောင်း ပါတီခေါင်းဆောင်တချို့က ပြောသည်။ **(VOA 220410)** **Read More...**
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် သဘောထားကွဲလွဲနေသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးခင်မောင်ဆွေက ပါတီမှတ်ပုံတင်ရမည့် နောက်ဆုံးရက်အထိ ဒေါ်အောင်ဆန်းစုကြည်အပေါ် သစ္စာရှိမှုကို ပြသသွားမည်ဟု ပြောကြားလိုက်သည်။ **(Mizzima 220410)** **Read More...**
- ပါတီသက်တမ်းကုန်ကာလအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လူငယ်ခေါင်းဆောင်များက လူမှုရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်သွားမည့်အကြောင်းကို မြို့နယ် ၆၀ တွင် ကွင်းဆင်းရှင်းလင်းမှုများပြုလုပ်နေသည်။ **(Mizzima 230410)** **Read More...**
- နေအိမ်အကျယ်ချုပ်ကျခံနေရသည့် ဒေါ်အောင်ဆန်းစုကြည်ကို ရှေ့နေဦးဉာဏ်ဝင်းက ယနေ့သွားရောက်တွေ့ဆုံခဲ့ရာ ဒေါ်အောင်ဆန်းစုကြည်ကို နအဖက ပြစ်ဒဏ် ၃ နှစ်ချမှတ်ခဲ့သည့်အပေါ် အထူးအယူခံဝင်ရေးနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် ပညာရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးစသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ပိုမိုလုပ်ကိုင်ကြရန် ဒေါ်အောင်ဆန်းစုကြည်မှ ပြောကြားခဲ့သည်ဟု ဦးဉာဏ်ဝင်းက ပြောသည်။ **(BBC 240410)** **Read More...**

### (ခ) တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများ

- ကရင်အမျိုးသားအလံတော်ကို ပါတီအလံအဖြစ်အသုံးပြု၍ နအဖကျင်းပမည့် ရွေးကောက်ပွဲအား ဝင်ရောက်မည့်မည်သည့်ကရင်ပါတီမဆို ကန့်ကွက်သည်ဟု ကရင်အမျိုးသားအစည်းအရုံး **(KNU)** နှင့် နိုင်ငံတကာရောက် ကရင်တိုင်းရင်းသားများကပြောသည်။ **(NEJ 190410)** **Read More...**

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



## (ဂ) ပြည်ပအင်အားစုများ

- ဇွန်လ ၂၅ ရက်နေ့မှ ၂၇ ရက်နေ့အထိ ပြုလုပ်မည့် ကမ္ဘာ့စက်မှုထိပ်သီးနိုင်ငံများအစည်းအဝေးတွင် မြန်မာစစ်အစိုးရကို ထိရောက်သည့် ဖိအားပေးမှုများ လုပ်နိုင်ရေးအတွက် ကနေဒါရောက် မြန်မာ့အရေးလှုပ်ရှားသူများက ကနေဒါဝန်ကြီးချုပ် **Stephen Harper** ထံ စာရေးတောင်းဆိုလိုက်သည်။ **(RFA 190410)** **Read More...**
- ရန်ကုန်သင်္ကြန်ဗုံးပေါက်ကွဲမှုသည် ပြည်တွင်းပြည်ပ အတိုက်အခံ ဒီမိုကရေစီအင်အားစုများ လက်ချက်ဖြစ်ကြောင်း စစ်အစိုးရ၏ စွပ်စွဲချက်ကို ပြည်ပအတိုက်အခံများက ငြင်းပယ်လိုက်သည်။ **(RFA 200410)** **Read More...**
- ဆွီဒင်နိုင်ငံ ပါလီမန်တွင် မြန်မာ့အရေးဆွေးနွေးပွဲတစ်ရပ် ကျင်းပပြုလုပ်ရာ မြန်မာစစ်အစိုးရကျင်းပမည့် ၂၀၁၀ ရွေးကောက်ပွဲသည် မြန်မာပြည်၏ အနာဂတ်အခြေအနေအား ပိုမိုဆိုးရွားစေမည်ဖြစ်ကြောင်း မြန်မာ့အရေးလှုပ်ရှားသူများက တင်ပြဆွေးနွေးခဲ့သည်။ **(DVB 230410)** **Read More...**
- မလေးရှားနိုင်ငံ နေဂရီ ဆဲန်ဘီလန်းပြည်နယ် ဆရမ်ဘန်းမြို့တွင် ယခုလ ၂၁ မှ ၂၃ ရက်နေ့အထိ အပြည်ပြည်ဆိုင်ရာ မြန်မာ့ဒီမိုကရေစီအင်အားစုများ၏ နှီးနှောဖလှယ်ပွဲတစ်ရပ်ကို မလေးရှား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) က ဦးစီးကျင်းပခဲ့သည်။ **(RFA 240410)** **Read More...**

## အပစ်ရပ်အဖွဲ့အစည်းများ

## (က) နယ်ခြားစောင့်တပ် အသွင်မပြောင်းရသေးသည့်အဖွဲ့များ

- နယ်ခြားစောင့်တပ် အသွင်မပြောင်းရေးကိစ္စနှင့်ပတ်သက်၍ ကချင်ပြည်လွတ်လပ်ရေးအဖွဲ့ **(KIO)** က လူထုအားအသိပေးရှင်းလင်းသည့် အခမ်းအနားတစ်ရပ်ကို အဖွဲ့ဗဟိုဌာနချုပ်ရှိရာ လိုင်ဇာမြို့တွင် ယခုလ (၁၆) ရက်၌ ပြုလုပ်ခဲ့သည်။ **(NEJ 190410)** **Read More...**
- နယ်ခြားစောင့်တပ်အသွင်ပြောင်းရေးကို ငြင်းဆိုနေသည့် ကချင်လွတ်မြောက်ရေးအဖွဲ့ **(KIO)** သည် ကချင်ဒေသခံများအနေဖြင့် မိမိကိုယ်မိမိ ကာကွယ်နိုင်ရန် သေနတ်ပစ်ခြင်းနှင့် ကျည်ကွယ်မျက်ကွယ် နည်းများကို ကချင်လူထုအား သင်တန်းပေးနေကြောင်း ဒေသခံများနှင့် **KIO** အရာရှိများက ပြောသည်။ **(Mizzima 200410)** **Read More...**
- ဧပြီလ ၂၂ ရက်နေ့ နောက်ဆုံးထား၍ နယ်ခြားစောင့်တပ်အသွင်ပြောင်းရေးနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်ကို စစ်အစိုးရအား ပေးရမည့် ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော် **(UWSA)** က စစ်ရေးပြင်ဆင်မှုများ အပါအဝင် မဟာမိတ်များနှင့် နီးကပ်စွာ ဆက်ဆံမှုများကို ယခုရက်ပိုင်းအတွင်း ပိုမိုပြုလုပ်လာသည်ဟု ဝ နှင့်နီးစပ်သည့် သတင်းရပ်ကွက်မှဆိုသည်။ **(Irrawaddy 200410)** **Read More...**
- နယ်ခြားစောင့်တပ်အသွင်ပြောင်းရန် ငြင်းဆိုထားသော အပစ်ခတ်ရပ်စဲထားသည့် တိုင်းရင်းသားအဖွဲ့များကို စစ်ရေးဖြင့်နှိမ်နင်းမှုအား မကြိုးစားရန် ကချင်လွတ်မြောက်ရေးအဖွဲ့ **KIO** က စစ်အစိုးရကို သတိပေးတိုက်တွန်းလိုက်သည်။ **(Mizzima 210410)** **Read More...**
- စစ်အစိုးရနှင့် နယ်ခြားစောင့်တပ် အသွင်ပြောင်းရေး ဆွေးနွေးပွဲ ပျက်ပြားခဲ့ပါက ထိပ်ပိုင်းခေါင်းဆောင်တချို့ အပါအဝင် မွန်ပြည်သစ်ပါတီဝင်များ တောတွင်းအခြေစိုက်စခန်းသို့ ပြန်ရန်လျှို့ဝှက်နှုတ်ဆက်ပွဲများ ကျင်းပနေကြကြောင်း မွန်ပြည်သစ်ပါတီနှင့် နီးစပ်သူတစ်ဦးက ပြောသည်။ **(Irrawaddy 210410)** **Read More...**
- နယ်ခြားစောင့်တပ် ဖွဲ့စည်းရေးနှင့်ပတ်သက်၍ စစ်အစိုးရက စစ်ရေးအရတိုက်ခိုက်ခဲ့လျှင် တရုတ်–မြန်မာနယ်စပ်ရှိ အပစ်ရပ်အဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုပြုလုပ်နိုင်ရန်အတွက် ဆွေးနွေးပွဲတစ်ရပ်ကို ယမန်နေ့က ပန်ဆန်းမြို့တွင် ပြုလုပ်ခဲ့ကြောင်း **USWA** မှ အရာရှိတစ်ဦးကပြောသည်။ **(Irrawaddy 220410)** **Read More...**
- စစ်အစိုးရ ရာဇသံ၏ နောက်ဆုံးရက်တွင် နယ်ခြားစောင့်တပ်အဖြစ် အသွင်ပြောင်းလဲရေးကို လက်ခံရေးမခံရေးကို အကြောင်းပြန်ရန် နအဖတာဝန်ရှိသူများနှင့် **KIO** အရာရှိများ ထပ်မံတွေ့ဆုံခဲ့စဉ် ကချင်လွတ်မြောက်ရေးအဖွဲ့ **(KIO)** က နယ်ခြားစောင့်တပ်အသွင်ပြောင်းရေးအား လက်မခံနိုင်ကြောင်း ထပ်လောင်းတုံ့ပြန်လိုက်သည်။ **(Mizzima 220410)** **Read More...**

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- အပစ်ရပ်အဖွဲ့များအပေါ် နယ်ခြားစောင့်တပ်အသွင်ပြောင်းရေးကိစ္စကို နောက်ဆုံးရက်သတ်မှတ်ပေးနေမှုအား မိုင်းလားတပ်ဖွဲ့က မူလရပ်တည်ချက်မပြောင်းဟု ခိုင်လုံသည့်သတင်းရပ်ကွက်မှဆိုသည်။ **(S.H.A.N 220410)** **Read More...**
- ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဆိုင်းတောင်ကျေးရွာတွင် ဖွင့်လှစ်ထားသည့် ကချင်ပြည်လွတ်လပ်ရေးအဖွဲ့ **(KIO)** ၏ ဖားကန့်–ဆိုင်းတောင် တိုက်နယ်ရုံးအား နယ်မြေခံအာဏာပိုင်များမှ ယမန်နေ့ညပိုင်းက ဝင်ရောက်ရှာဖွေမှုများ ပြုလုပ်ခဲ့ကြောင်း **KIO** တပ်ဖွဲ့နှင့်နီးစပ်သူတစ်ဦးကပြောသည်။ **(NEJ 230410)** **Read More...**
- ယခုလ ၂၄ ရက်တွင် တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသားတပ်မတော် **(DKBA)** အဖွဲ့သည် နယ်ခြားစောင့်တပ် အသွင်ပြောင်းမည်ကို တရားဝင်အသိပေးကြေညာတော့မည်ဖြစ်သောကြောင့် တပ်ဖွဲ့ဝင်များအတွင်း လက်ခံသူနှင့်လက်မခံသူများအကြား သွေးထွက်သံယိုမှုများ ဖြစ်ပွားနိုင်သည်ဟု **DKBA** ခေါင်းဆောင်တစ်ဦးကပြောသည်။ **(NEJ 230410)** **Read More...**
- လွန်ခဲ့သည့် ၂ ရက်အတွင်း မွန်ပြည်သစ်ပါတီ ဗဟိုဌာနချုပ်တွင် အရေးပေါ်အစည်းအဝေးတစ်ရပ်ခေါ်ယူကာ စစ်အစိုးရမှ ပြည်သူ့စစ်ဖွဲ့ရန် ဖိအားပေးတောင်းဆိုနေမှုကို လက်မခံနိုင်ကြောင်း တညီတညွတ်တည်း ဆုံးဖြတ်ခဲ့ကြောင်း မွန်ပြည်သစ်ပါတီ ပြောခွင့်ရပုဂ္ဂိုလ် နိုင်ချေးမွန်ကပြောသည်။ **(Irrawaddy 230410)** **Read More...**
- သျှမ်းပြည်အရှေ့ပိုင်း မိုင်းတုံ၊ မိုင်းဆတ်မြို့နယ်ရှိ တောင်ပိုင်း ဝ နယ်မြေသို့ လောင်စာဆီအမျိုးမျိုး တင်ပို့ရောင်းချမှုအား တာချီလိတ် နအဖ အာဏာပိုင်များက ပိတ်ပင်လိုက်သည်။ **(S.H.A.N 230410)** **Read More...**
- တောင်ပိုင်း ဝ ပြည်သူများ တိုက်ပွဲသတင်းနှင့်ပတ်သက်၍ စိုးရိမ်ထိပ်လန့်ရှောင်တိမ်းနေချိန် ဝ တပ်ဖွဲ့အား သျှမ်းပြည်တောင်ပိုင်းတပ်မတော်တပ်ဖွဲ့ဟုဆိုကာ ယခုလ ၂၃ ရက်နှင့် ၂၄ ရက်နေ့က နအဖဘက်မှ တိုက်ပွဲနှစ်ကြိမ် စတင်တိုက်ခိုက်ခဲ့သည်ဟု အမည်မဖော်လိုသည့် ဝအရာရှိငယ်တစ်ဦးက ပြောသည်။ **(S.H.A.N 240410)** **Read More...**
- မွန်ပြည်သစ်ပါတီက နအဖစစ်အစိုးတောင်းဆိုထားသည့်အတိုင်း ဒေသခံပြည်သူ့စစ် အသွင်မပြောင်းကြောင်း ဆုံးဖြတ်လိုက်ပြီးနောက်ပိုင်း နှစ်ဘက်အခြေအနေတင်းမာနေသောကြောင့် ထိုင်းမြန်မာနယ်စပ်သို့ မွန်ဒုက္ခသည်များ ရာနှင့်ချီထွက်ပြေးရောက်ရှိလာသည်။ **(DVB 240410)** **Read More...**

## (ခ) နယ်ခြားစောင့်တပ်အသွင်ပြောင်းပြီးသည့်အဖွဲ့များ

- အပစ်ရပ်များအပေါ် နအဖသတိပေးထားသည့် နယ်ခြားစောင့်တပ် (သို့) ပြည်သူ့စစ်အသွင်ပြောင်းရမည့် နောက်ဆုံးရက်ကြောင့် ဝတပ်ဖွဲ့နှင့် နအဖတပ်များ တိုက်ပွဲဖြစ်လျှင် လားဟူ နယ်ခြားစောင့်တပ်ရင်းသစ်အား ရှေ့ပြေးတပ်အဖြစ် အသုံးပြုရန်အတွက် ပြင်ဆင်မှုများပြုလုပ်ခိုင်းနေသဖြင့် လားဟူစစ်သားများ ထွက်ပြေးမှုများပြားနေသည်။ **(S.H.A.N 230410)** **Read More...**

## <u>နိုင်ငံတကာဆောင်ရွက်မှုများ</u>

## (က) အစိုးရများ

- လာမည့် ဗြိတိန်ရွေးကောက်ပွဲတွင် ပြည်သူများ ဒီမိုကရေစီနည်းကျကျမဲပေးကြရန် တိုက်တွန်းပြောကြားစဉ် မြန်မာနိုင်ငံတွင် စစ်အစိုးရက မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒမဲရလဒ်ကို မလေးစားကြောင်းနှင့် ဒေါ်အောင်ဆန်းစုကြည် စသည့် ဒီမိုကရေစီခေါင်းဆောင်ကိုပါ ဖမ်းဆီးထိန်းသိမ်းထားမှုကို နမူနာထားပြီး မြန်မာနိုင်ငံအကြောင်း တစေ့တစောင်း ထည့်သွင်းပြောကြားခဲ့သည်။ **(RFA 190410)** **Read More...**
- ရွေးကောက်ပွဲသည် လွတ်လပ်တရားမျှတပြီး ဒေါ်အောင်ဆန်းစုကြည် အပါအဝင် သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးမှ ပါဝင်နိုင်ရန် ဂျပန်နှင့် မလေးရှားအစိုးရတို့က ယနေ့ ယနေ့ပူးတွဲကြေညာချက် ထုတ်ပြန်တောင်းဆိုလိုက်သည်။ **(VOA 200410)** **Read More...**

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ဩစတြေးလျနိုင်ငံ နယူးစောက်ဝေးလ်မြို့လွှတ်တော်များနှင့် နယူးဇီလန် လွှတ်တော်အမတ်များက မြန်မာ့အရေး ဆွေးနွေးပွဲတရပ်အား ယနေ့ပြုလုပ်ကာ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားများ လွှတ်မပေး ခြင်းနှင့် ၂၀၀၈ ဖွဲ့စည်းပုံအား ပြန်လည်ပြုပြင် ပြောင်းလဲသုံးသပ်ခြင်းမရှိဘဲ နအဖပြုလုပ်မည့် ၂၀၁၀ ရွေးကောက်ပွဲ အား ဆန့်ကျင်ကြောင်း တညီတညွတ်တည်း ဆုံးဖြတ်လိုက်သည်။ **(DVB 200410) Read More...**
- မြန်မာနိုင်ငံတွင် ၂၀၁၀ ရွေးကောက်ပွဲ ကျင်းပပြီးပါက ထိုင်း–မြန်မာနယ်စပ်ရှိ စခန်း ၃ ခုနေထိုင်သော ဒုက္ခသည်များ ကို မြန်မာနိုင်ငံသို့ ပြန်ပို့နိုင်ရန် မျှော်လင့်ကြောင်း ယမန်နေ့က တာ့ခ်ခရိုင်အုပ်ချုပ်ရေးမှူးက ပြောသည်။ **(Irrawaddy 220410) Read More...**
- မြန်မာစစ်အစိုးရနှင့် ထိတွေ့ဆက်ဆံရေး မူဝါဒကို ရုတ်တရက်ပြောင်းလဲရန် အလားအလာမရှိကြောင်း ယခုလ ၂၁ ရက်က အမေရိကန်နိုင်ငံခြားရေးဌာနတွင် ပုံမှန်ပြုလုပ်သောသတင်းစာရှင်းလင်းပွဲ၌ အမေရိကန်နိုင်ငံခြားရေးရုံး ပြောခွင့်ရပုဂ္ဂိုလ် **P.J Crowley** က ပြောကြားလိုက်သည်။ **(VOA 220410) Read More...**
- မြန်မာစစ်အစိုးရ ဝန်ထမ်းများကို နယူးဇီလန်အစိုးရက ငွေကြေးထောက်ပံ့ကာ ပညာသင်အဖြစ် ခေါ်ယူသင်တန်းပေး နေမှုအား နယူးဇီလန်အတိုက်အခံ ပါတီများက ဝေဖန်ရှုတ်ချလိုက်သည်။ **(RFA 220410) Read More...**
- မြောက်ကိုရီးယားနိုင်ငံနှင့် ဆက်ဆံရာတွင် မြန်မာစစ်အစိုးရအပါအဝင် အခြားနိုင်ငံအားလုံးကို အထူးသတိထားရန် နှင့် နိုင်ငံတကာ သိသာအောင် ပွင့်ပွင့်လင်းလင်းရှိရန် အထူးတာဝန်ရှိကြောင်း အမေရိကန်အစိုးရက သတိပေးလိုက် သည်။ **(RFA 220410) Read More...**
- မြန်မာစစ်အစိုးရက ကျင်းပမည့် ရွေးကောက်ပွဲသည် သက်ဆိုင်သူများအားလုံး ပါဝင်နိုင်သည့် ပွင့်လင်းမြင်သာသော ရွေးကောက်ပွဲဖြစ်ရန် လိုအပ်ကြောင်း စင်္ကာပူဝါရင့်ဝန်ကြီး မစ္စတာ ဂိုချောက်တောင်နှင့် ဂျပန်နိုင်ငံခြားရေးဝန်ကြီး ကတ်ဆူယအိုကါတာတို့က ပြောကြားလိုက်သည်။ **(RFA 220410) Read More...**
- ပညာတော်သင် မြန်မာစစ်အစိုးရဝန်ထမ်းများက နယူးဇီလန်ရောက် ဒီမိုကရေစီလိုလားသော မြန်မာအသိုင်းအဝိုင်း ကို စုံစမ်းထောက်လှမ်းမည်ကို စိုးရိမ်ကြောင်း နယူးဇီလန်လွှတ်တော်အမတ် မစ္စမာယန်စထရီက ယနေ့ပြောဆိုလိုက် သည်။ **(Mizzima 230410) Read More...**
- မြန်မာနိုင်ငံတွင် ကျင်းပရန်ရှိသည့် ရွေးကောက်ပွဲမတိုင်မီ စစ်အစိုးရနှင့် ဒီမိုကရေစီအင်အားစုများအကြား အမြန်တွေ့ ဆုံဆွေးနွေးအဖြေရှာကြရန် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ တိုက်တွန်းသည့်စာတစ်စောင်ကို ဂျပန်လွှတ်တော်အမတ်များ ဝိုင်းဝန်းလက်မှတ်ရေးထိုးပြီး ယခုလ ၃၀ ရက်နေ့တွင် ပေးပို့သွားမည်ဖြစ်သည်။ **(RFA 230410) Read More...**
- မြန်မာနိုင်ငံတွင် ဒီမိုကရေစီပြန်လည်ထွန်းကားရေးအတွက် စစ်တပ်တွင်းက မျိုးချစ်တပ်သားများအနေဖြင့် ဒီမိုကရေစီ အင်အားစုများနှင့်ပူးပေါင်းပြီး စစ်ခေါင်းဆောင်များကို တိုက်ထုတ်ကြရန် အမေရိကန် အောက်လွှတ်တော်အမတ် **(Dana Rohrabacher)** က တိုက်တွန်းတောင်းဆိုလိုက်သည်။ **(VOA 230410) Read More...**
- ကမ္ဘာ့တည်ငြိမ်လုံခြုံရေးကို အထောက်အကူမပေးသည့် မြန်မာနိုင်ငံနှင့် ဆူဒန်နိုင်ငံကဲ့သို့ အာဏာရှင်အစိုးရများနှင့် ဆက်ဆံနေမှုအား အဆုံးသတ်ရန် ဩစတြေးလျဝန်ကြီးချုပ် **Kevin Rudd** က တရုတ်အစိုးရကို တိုက်တွန်းလိုက် သည်။ **(RFA 240410) Read More...**
- စစ်အစိုးရထုတ်ပြန်ထားသည့် ရွေးကောက်ပွဲဥပဒေဆိုင်ရာ စည်းမျဉ်းများအပေါ် ဝေဖန်ပြောဆိုမှုများထွက်ပေါ်နေချိန် ရွေးကောက်ပွဲပြုလုပ်မည့်ကိစ္စနှင့်ပတ်သက်၍ နအဖနှင့်ဆွေးနွေးပြောဆိုမှုများ ပြုလုပ်ဆောင်နိုင်ရန်အတွက် မြန်မာ နိုင်ငံသို့ ဥရောပသမဂ္ဂ လေ့လာရေးအဖွဲ့တစ်ဖွဲ့ စေလွှတ်ရန်စီစဉ်နေသည်။ **(VOA 240410) Read More...**

## (ခ) အစိုးရမဟုတ်သော အဖွဲ့အစည်းများ

- ယခုလ ၁၃ ရက်နေ့မှစ၍ ဗြိတိန်နိုင်ငံ နယူးကာဆယ်မြို့၌ ၃ ရက်ကြာ ကျင်းပခဲ့သည့် ယူကေ တက္ကသိုလ်ပေါင်းစုံ ညီလာခံတွင် မြန်မာ့နိုင်ငံရေးအကျဉ်းသားများကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။ **(DVB 210410) Read More...**

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- မြန်မာစစ်အစိုးရသည် သတင်းလွတ်လပ်ခွင့်နှင့် ပြည်သူများ၏ ဆန္ဒများလွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်မပေးဘဲ ရွေးကောက်ပွဲအား ကျင်းပမည်ဖြစ်သဖြင့် ၎င်းလုပ်ရပ်သည် ဒီမိုကရေစီပေါ်ထွန်းရေးလုပ်ငန်းစဉ် မဖြစ်စေနိုင်ဘဲ ဒီမိုကရေစီအနှစ်သာရကို ပျက်ပြားစေသည့် လုပ်ရပ်သာဖြစ်ကြောင်း အာရှလူ့အခွင့်အရေးကော်မရှင် **AHRC** က ပြောဆိုလိုက်သည်။ **(RFA 230410)** Read More...

## အခြားအင်အားစုများ

## အခြားနိုင်ငံရေးအင်အားစုများ

- ၂၀၁၀ ရွေးကောက်ပွဲဝင်ကြမည့် ပါတီများထဲတွင် **NLD** မှ ထုတ်ပယ်ခံခဲ့ရသူများနှင့် စစ်အစိုးရက ကျောထောက်နောက်ခံ ပေးနေသည်ဟု စွပ်စွဲခံနေရသော အလံနီကွန်မြူနစ်ဟောင်းအုပ်စုများ ပါဝင်သည်။ **(RFA 210410)** Read More...
- ၂၀၁၀ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် လျှောက်ထားသည့် ခေတ်သစ်ပြည်သူ့ပါတီသည် ကြံ့ဖွံ့ **(USDA)** ၏အကူအညီကို ရယူထားကြောင်း ရန်ကုန်တိုင်း ကြံ့ဖွံ့အဖွဲ့ဝင်တစ်ဦးက အခိုင်အမာပြောဆိုလိုက်သည်။ **(NEJ 220410)** Read More...
- ပြည်ထောင်စုဒီမိုကရေစီပါတီက ၎င်းတို့၏ပါတီရန်ပုံငွေကို တရားဝင်ထူထောင်ထားသော ပါတီပိုင်စီးပွားရေးလုပ်ငန်းများမှ ရရှိသော ငွေကြေးများဖြင့် သုံးစွဲမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။ **(NEJ 230410)** Read More...
- နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့် ပထမဆုံး လျှောက်ထားသည့် ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်တို့ကို ၂၀၁၀ ရွေးကောက်ပွဲကော်မရှင်က ယမန်နေ့က ပါတီတည်ထောင်ခွင့်ပြုလိုက်သည်။ **(NEJ 230410)** Read More...
- ပြည်ထောင်စု ဒီမိုကရေစီပါတီသာ ရွေးကောက်ပွဲဝင်ခွင့်ရမည်ဆိုပါက ပြိုင်ဘက်ပါတီသည် လက်ရှိစစ်အစိုးရက ထူထောင်လာမည့် ပါတီများဖြစ်လာလိမ့်မည်ဟု မဒမတ ဥက္ကဋ္ဌ ဦးဖြိုးမင်းသိမ်းကပြောသည်။ **(Mizzima 230410)** Read More...

## တိုင်းရင်းသားနိုင်ငံရေးပါတီများ

- လွန်ခဲ့သည့် ဧပြီလ (၅) ရက်နေ့၌ နေပြည်တော်တွင် ပါတီဖွဲ့စည်းလိုကြောင်း သွားရောက်လျှောက်ထားခဲ့သည့် ကချင်ပြည်နယ် တိုးတက်ရေးပါတီသည် ယခုအခါ စည်းရုံးရေးလုပ်ငန်းများ အရှိန်တိုးမြှင့်လုပ်ဆောင်နေကြောင်း ဒေသခံများက ပြောသည်။ **(NEJ 190410)** Read More...
- ၂၀၁၀ ရွေးကောက်ပွဲဝင်နိုင်ရေးအတွက် နအဖစစ်အစိုးရထံ နိုင်ငံရေးပါတီမှတ်ပုံတင်နိုင်ရန် မော်လမြိုင်မြို့၌ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီက ဧပြီလတတိယအပတ်တွင် အစည်းအဝေးကျင်းပမည်ဟု ကော်မတီဝင်တစ်ဦးကပြောသည်။ **(Kaowao 190410)** Read More...
- ရခိုင်ပြည်နယ်ရှိ တိုင်းရင်းသားပါတီတစ်ခုဖြစ်သော မြို (ခေါ်) ခမီ အမျိုးသားညီညွတ်ရေးပါတီသည် နေပြည်တော်ရှိ ရွေးကောက်ပွဲကော်မရှင်တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားပြီးဖြစ်ကြောင်း ၎င်းပါတီ ဥက္ကဋ္ဌဖြစ်သူ ဦးစံသာအောင်ကပြောသည်။ **(Mizzima 200410)** Read More...
- ရှမ်းလူထုအကျိုးအတွက် ၂၀၁၀ ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ **(Shan Nationalities Democratic Party)** ဥက္ကဋ္ဌ ဦးစိုင်းအိုက်ပေါင်းက ပြောသည်။ **(DVB 200410)** Read More...
- စစ်အစိုးရကျင်းပမည့် ရွေးကောက်ပွဲသည် လွတ်လပ်၍ တရားမျှတမှု မရှိသော်လည်း ချင်းတိုင်းရင်းသားများ အခွင့်အရေးရရှိရေးအတွက် ဝင်ရောက်ယှဉ်ပြိုင်ရန် လိုအပ်သည်ဟု မနက်ဖြန်တွင် ပါတီမှတ်ပုံတင်မည့် **Chin Progressive Party** ခေါ် ချင်းတိုင်းရင်းသားပါတီမှ **Pu No Than Kap** က ပြောသည်။ **(Mizzima 210410)** Read More...

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- တိုင်းရင်းသားလူမျိုးများ ရပိုင်ခွင့်များကို လွှတ်တော်နေရာမှ တဖြည်းဖြည်းချဲ့ထွင်သွားမည်ဟု ၂၀၁၀ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် ပြင်ဆင်နေသည့် ကရင်ပြည်သူ့ပါတီ **(KPP)** ကပြောသည်။ **(VOA 210410)** [Read More...]
- နအဖစစ်အစိုးရပြုလုပ်မည့် ၂၀၁၀ ရွေးကောက်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် ရွေးကောက်ပွဲကျင်းပရေးကော်မရှင်တွင် ပါတီအဖြစ် မှတ်ပုံတင်လျှောက်လွှာတင်ထားသည့်အထဲ၌ တိုင်းရင်းသားပါတီ ထက်ဝက်နီးပါးရှိသည်။ **(DVB 230410)** [Read More...]
- တောခိုလက်နက်ကိုင် အဖွဲ့ဟောင်း ပလောင်အမျိုးသားပါတီက နိုင်ငံရေးပါတီထူထောင်ခွင့် လျှောက်ထားလိုက်ရာ မှတ်ပုံတင်ခွင့်လျှောက်ထားသော တိုင်းရင်းသားအခြေပြုပါတီ ၉ ဖွဲ့ရှိသွားပြီဖြစ်သည်။ **(Mizzima 230410)** [Read More...]
- လွှတ်တော်အတွင်း နေရာတနေရာ ရရှိလျှင်ပင် ပြည်နယ်အကျိုးရှိမည်ဟု ယုံကြည်သဖြင့် ရွေးကောက်ပွဲဝင်ခြင်းဖြစ်ကြောင်း ရှမ်းပြည်နယ်မှ ပါတီသစ်တစ်ခုဖြစ်သော ရှမ်းတိုင်းရင်းသား ဒီမိုကရက်တစ်ပါတီက ပြောသည်။ **(Mizzima 230410)** [Read More...]
- ဝံသာနု **NLD** (ပြည်ထောင်စု မြန်မာနိုင်ငံ) အပါအဝင် ပအိုဝ်းအမျိုးသား အဖွဲ့ချုပ် **(PNO)** နှင့် တအောင်း (ပလောင်) အမျိုး သားပါတီတို့ကို နိုင်ငံရေးပါတီအဖြစ် ထူထောင်နိုင်ရန်အတွက် ရွေးကောက်ပွဲကောက်ပွဲကော်မရှင်က ယခုလ ၂၃ ရက်နေ့က ခွင့်ပြုလိုက်သည်။ **(Irrawaddy 240410)** [Read More...]

## ပြည်သူနှင့် လူထုအခြေပြုအသင်းအဖွဲ့များ

- အပစ်ရပ်အဖွဲ့များအား ယခုလ ၂၂ ရက် နောက်ဆုံးထား၍ နယ်ခြားစောင့်တပ်အသွင်ပြောင်းမည့် တပ်အင်အားစာရင်းပေးပို့ နအဖဘက်က ဖိအားပေးနေမှုကြောင့် တောင်ပိုင်းဝပြည်သူများက နေရပ်မှ တိမ်းရှောင်နေကြသည်။ **(S.H.A.N 220410)** [Read More...]
- ဧပြီလ (၁၅) ရက်နေ့ (သင်္ကြန်အကြတ်နေ့) ကန်တော်ကြီးပတ်လမ်း **X20** မဏ္ဍပ်ရှေ့ ဗုံးပေါက်ကွဲမှုတွင် အဓိကတာဝန်ရှိသူမှာ နအဖသာလျှင်ဖြစ်ကြောင်း မင်္ဂလာတောင်ညွန့်မြို့နယ်တွင် နေထိုင်သူတို့က ဝေဖန်ပြောဆိုကြသည်။ **(NEJ 220410)** [Read More...]
- အစိုးရက လူသိရှင်ကြားမကြေညာဘဲ တိုးမြှင့်လိုက်သည့် မီတာထိန်းသိမ်း စောင့်ရှောက်ခကို ယခုလမှစ၍ မပေးနိုင်တော့ကြောင်း ရန်ကုန်တိုင်း သုံးခွနှင့် ခရမ်းမြို့နယ်တို့မှ ဒေသခံပြည်သူအချို့ အံ့တုလိုက်ကြကြောင်း မြို့ခံတစ်ဦးက ပြောသည်။ **(DVB 230410)** [Read More...]
- စစ်တွေမြို့တွင် ရပ်ကွက်ပေါင်း ၃၀ ကျော်ရှိသည့်အနက် ကုန်းတန်းရပ်ကွက်၌ (၄) လကျော်ကြာမီးမလားသဖြင့် အမျိုးသမီး (၅၀၀) ကျော်က ဆန္ဒပြမှုတစ်ရပ်ပြုလုပ်ခဲ့ရာ ဆန္ဒပြပြီးနောက်တစ်ရက်တွင် မီးပြန်လည်လင်းလာကြောင်း ဒေသခံတစ်ဦးကပြောသည်။ **(DVB 230410)** [Read More...]

***End of report/ Saturday, April 24, 2010***
ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ သုတေသနနှင့် မှတ်တမ်းတင်ဌာနမှ ထုတ်ဝေဖြန့်ချိသည်။
***Documentation and Research Department (NDD)***